# “မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေး အပြည်ပြည်ဆိုင်ရာနေ့ ကြေညာချက်”

## (International Day against Drug Abuse and Illicit Trafficking Statement)

၂၀၂၄ ခုနှစ်၊ ဇွန်လ (၂၆) ရက်။

၁။ မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေး အပြည်ပြည်ဆိုင်ရာနေ့ကို နှစ်စဉ် ဇွန်လ (၂၆) ရက်နေ့တွင် ကမ္ဘာ့နိုင်ငံအသီးသီး၌ ကျင်းပလေ့ရှိကြပါသည်။ ၁၉၈၇ ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံမှ ဇွန်လ ၂၆ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အဖြစ် သတ်မှတ်ခဲ့ပြီး ထိုအချိန်မှစ၍ ကမ္ဘာ့နိုင်ငံအသီးသီးတွင် မူးယစ် ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားများကို ကျင်းပလာခဲ့ကြပါသည်။ ၂၀၂၄ ခုနှစ် “International Day against Drug Abuse and Illicit Trafficking” ၏ ဆောင်ပုဒ်မှာ “The evidence is clear: invest in prevention” ဖြစ်ပြီး နိုင်ငံများအနေဖြင့် ကြိုတင်ကာကွယ်ခြင်းဆိုင်ရာ လုပ်ငန်းများတွင် အားထုတ် မြှုပ်နှံကြရန် လိုအပ်ပါသည်။

၂။ ကမ္ဘာတဝှမ်းတွင် မူးယစ်ဆေးဝါးသည် လူသားမျိုးနွယ်အပေါ် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ တည်ငြိမ် အေးချမ်းရေးတို့ကို ဆုတ်ယုတ်ပျက်စီးစေသည့်အပြင် နိုင်ငံ့လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအပေါ် ထိခိုက် ပျက်စီးမှုများ ဖြစ်ပွားစေလျက် ရှိပါသည်။ ထို့ကြောင့် နိုင်ငံအသီးသီးအနေဖြင့် လူသားမျိုးနွယ်စုနှင့် နိုင်ငံဖွံ့ဖြိုး တိုးတက်မှုကို အဟန့်အတားဖြစ်စေသည့် မူးယစ်ဆေးဝါးပြဿနာကို ထိန်းချုပ်နိုင်ရေးအတွက် ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

၃။ မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးပြဿနာ ဖြေရှင်းနိုင်ရေးအတွက် ကုလသမဂ္ဂကွန်ဗင်းရှင်း ၃ ခုတွင် ပါဝင်လက်မှတ်ရေးထိုးထားပြီး မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို ကုလသမဂ္ဂအပါအဝင် ဒေသ တွင်းနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကာ အထိုက်အလျောက် အောင်မြင်ခဲ့သော်လည်း အကြမ်းဖက်စစ်တပ်အာဏာသိမ်းပြီးသည့်နောက်ပိုင်းမှစ၍ ဘိန်းစိုက်ပျိုးမှု၊ မူးယစ်ဆေးဝါး ထုတ်လုပ်မှု၊ သယ်ဆောင်မှု၊ ဖြန့်ဖြူးမှု၊ ရောင်းချမှုနှင့် သုံးစွဲမှုများ ပိုမို ဆိုးရွားလာပြီး ပြဿနာများကို ကိုင်တွယ်ဖြေရှင်းနိုင်ရန် စိန်ခေါ်မှုများဖြင့် ရင်ဆိုင်တွေ့ကြုံနေရပါသည်။

၄။ သို့ဖြစ်၍ ယနေ့ကျရောက်သော (၃၇)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ ( International Day against Drug Abuse and Illicit Trafficking) တွင် လူမျိုးနှင့် နိုင်ငံတိုးတက်ရေးအတွက် အဟန့်အတားဖြစ်စေသည့် မူးယစ်ဆေးဝါး အန္တရာယ် ကို အားလုံး အတူတကွ ပူးပေါင်းတိုက်ဖျက်သွားကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ထုတ်ပြန်သည့်အဖွဲ့အစည်းများ**

- History Carrier (HC)
- Magway Region Human Rights Network (MHRN)
- Women Lead Resource Center (WLRC)
- Youth Empowerment (YE)